# ကြက်သွန်နီမျိုးစေ့ထုတ်လုပ်ခြင်း

## ALIVE-FNS စီမံကိန်း

## ချင်းပြည်နယ် (မြောက်ပိုင်း)

## ကုန်းမြင့်တောင်သူများအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်



ဒေသတွင်းရှိ မျိုးကွဲ/မျိုးစုံ  တောင်သူ ကိုယ်တိုင် ထုတ်လုပ်ခြင်းနှင့် ဒေသထွက် မျိုးစေ့များကို ထိန်းသိမ်းရန် ကြက်သွန်နီမျိုးစေ့ထုတ်လုပ်ခြင်း။ မျိုးဥမှ မျိုးစေ့ထုတ်လုပ်ခြင်း။



၁။ ကြက်သွန်ဥအလယ်အလတ်အရွယ်၊ အချင်း ၅-၆ cm ခန့် ရှိသော ဥ ၊ ရောဂါကင်းသော၊ မပုပ်သိုးသော၊ အနာဆာကင်းသော ဥများကို ရွေးရန် ဖြစ်သည်။ အလွန်သေးငယ်သော (သို့) အလွန်ကြီးသောဥ မဟုတ်ဘဲ ပုံမှန်အရွယ်အစားရှိ၍ ခပ်ဝိုင်းဝိုင်းပုံရှိသောဥများကို ရွေးရန်လိုအပ်သည်။

၂။ ပျိုးဘောင်အကျယ် ၃ ပေ၊ အမြင့် ၆-၉လက်မ ခန့်ရှိသော စိုက်ခင်း ဘောင်ပြုလုပ်ပေးပါ။  စိုက်ခင်းဘောင်ကို လေဝင်လေထွက် ကောင်းမွန် စေရန် ပြုလုပ်ကာ  စိုက်ခင်း၏ မြေဆီသြဇာပေါ်မူတည်၍ ၁၀၀ စတုရန်း မီတာတွင် နောက်ချေး မြေဆွေး (သို့) သစ်ဆွေးမြေသြဇာ ၇-၁၀ အိတ် ထည့်ပါ။



၃။ ရွေးချယ်ထားသော ကြက်သွန်ဥများကို ပင်ကြား၊တန်းကြား ၆ လက်မ ထား၍ စိုက်ပျိုးပါ။ အရေးကြီးသည့်အချက်မှာ မျိုးစေ့ ထုတ်လုပ်ရာတွင်သာမန်စိုက်ခင်းထက် ပင်ကြား၊ တန်းကြား ပိုမိုကျယ်ရန် လိုအပ် သည်။

၄။ ကြက်သွန်ဥစိုက်ပြီး ၂ ရက် ၁ကြိမ် ပုံမှန် အစိုဓာတ်မပြတ်စေရန် ရေလောင်း/ရေသွင်းပေးပါ။

၅။ ပေါင်းသင်းခြင်းကို စောစီးစွာပြုလုပ်ပေးပါ။ ပေါက်မြက်ပေါက်ရောက်မှုသက်သာစေရန်၊ အစိုဓာတ် နှင့် အပူချိန် ပုံမှန်ထိန်းသိမ်းနိုင်စေရန် မြေငွေ့ဖုံးခြင်း (mulching) ကို ပြုလုပ်ပေးပါ။



**၆။ အပင်ရွေးချယ်ခြင်းနှင့် ဖယ်ရှားခြင်း**- ကြုံလှီသော အပင်၊ ရောဂါကျ ရောက်သောအပင်၊ အပင် ပုံသဏ္ဍာန် မမှန်သောအပင် (သို့) ကြီးထွားမှု နည်းပါးသောအပင်များ ကို အပင်ကြီးထွားချိန် နှင့် ပန်းပွင့်ချိန်တို့တွင် ဖယ်ရှားပစ်ရမည်။ မကောင်းသောအပင်များကို ဖယ်ရှား ခြင်းသည် အရည်အသွေးကောင်းမွန်သော မျိုးစေ့ထုတ် လုပ်ရာတွင် အရေးကြီး ဆုံးသော အဆင့်ဖြစ်သည်။



**၇။ ရိတ်သိမ်းခြင်း**- မရိတ်သိမ်းမီ (၂) ပတ်အလိုတွင် ရေသွင်းခြင်းကို ဖြတ်တောက်ပေးရမည်။  ပန်းခိုင်အများစု ခြောက်သွေ့ချိန်တွင် စတင် ရိတ်သိမ်းနိုင်သည်။ ပန်းခိုင်များကို ဖြတ်/ညှပ်ပြီး အေးမြခြောက်သွေ့၍ လေဝင်လေထွက်ကောင်းသော နေရာတွင် ၂-၃ ပတ်ခန့် အခြောက်ခံပါ။ ကောင်းမွန်စွာ ခြောက်သွေ့လာပါက အစေ့များ အလိုအလျောက် ကြွေကျလိမ့်မည်။ ထို့နောက် အခင်းတခုပေါ်တွင် ပန်းခိုင်များကို လက်ဖြင့်ပွပ်ချေကာ ခြွေလှေ့ သန့်စင်ပေးပါ။ သန့်ရှင်းခြောက်သွေ့သော မျိုးစေ့များကို အေးမြခြောက်သွေ့သော အမှောင်ခန်းတွင် အဖုံးလုံခြုံစွာ ဖုံးအုပ်၍ သိုလှောင် ထားရမည်။

---

**ကြက်သွန်နီမျိုးစေ့ ထုတ်လုပ်မှု၏အကျိုးကျေးဇူး နှင့် ယေဘူယျ အခြေအနေ**

ကြက်သွန်ဥမှ ကြက်သွန်မျိုးစေ့ထုတ်လုပ်ခြင်းသည် (၇)လခန့်ကြာမြင့်သည်။ ဆောင်းရာသီဖြစ်သော အောက်တိုဘာ – နိုဝင်ဘာလတွင် ဥကိုစိုက်ပျိုး၍ နောက်မိုးရာသီမကျမီ ဧပြီ-မေလ တို့တွင် ရိတ်သိမ်းရပါသည်။ ကြက်သွန်မျိုးစေ့ ထုတ်လုပ်ရာတွင် အေးမြသောအပူချိန် ရက်ပေါင်းများစွာ ရရှိရန်လိုအပ်သည်။ ကြက်သွန်ပင်သည် အင်းဆက်ပိုးများဖြင့် ဝတ်မှုံကူးခြင်းကို လုပ်ဆောင်သောကြောင့် အရည်သွေးကောင်းသောမျိုးစေ့ရရှိရန်အနည်း ဆုံး အပင် (၂၀)ခန့်စိုက်ပျိုးရန်လိုအပ်သည်။ အကောင်းဆုံးအရည်အသွေး၊ အရွယ်အစား၊ အရောင် နှင့် ပုံသဏ္ဍာန်မှန်သော မျိုးဥ များကို ရွေးချယ်စိုက်ပျိုး၍ ရောဂါကင်းစင်စေရန် အထူးဂရုစိုက်ပါ။